# ရွေးကောက်ပွဲသတင်းစဉ် (၁၃)

## ၂၀၁၀ ရွေးကောက်ပွဲအတွက်အငြိမ်းစားဝန်ထမ်းများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများစာရင်းရွေးကောက်ပွဲအတွက်ကောက်ခံခြင်း

ရခိုင်ပြည်နယ်မြို့တော်စစ်တွေနှင့်တောင်ကုတ်မြို့တွင် ငြိမ်းစားပညာရေးဝန်ထမ်းများ၏စာရင်းကိုအာဏာပိုင်များကယခုလဆန်းမှစတင်၍လိုက်လံကောက်ခံနေကြောင်းသိရသည်။ တောင်ကုတ်မြို့မှဒေသခံအငြိမ်းစားကျောင်းဆရာမတစ်ဦးက "ကျွန်မအငြိမ်းစားယူထားတာ ၃ နှစ်ရှိပြီ၊ ပညာရေးရုံးကလူတွေလာပြီးဘယ်တုန်းကပင်စင်ယူလဲ၊ အသက်၊ ပြီးတော့လက်ရှိမိသားစုဝင်စာရင်းတွေကိုမေးသွားတယ်။ သူတို့တွေရွေးကောက်ပွဲအတွက်ကောက်တယ်ဆိုရင်လည်း တကယ်တမ်းလုပ်တဲ့အခါ ကိုယ်ကြိုက်တဲ့ပါတီကိုပဲမဲပေးမှာပါဟု"ပြောသည်။ စစ်တွေမြို့တွင်လည်း အငြိမ်းစားပညာရေးဝန်ထမ်းများ၏စာရင်းကိုကောက်ခံနေကြောင်းနှင့် ယခုနှစ်တွင်ကျင်းပရန်ကြေညာထားသည့် ရွေးကောက်ပွဲအတွက်စာရင်းကောက်ခံခြင်းဖြစ်နိုင်ကြောင်းစစ်တွေမှကျောင်းဆရာတစ်ဦးကပြောပါသည်။ သူက အငြိမ်းစားပညာရေးဝန်ထမ်းတွေ့ရဲ့စာရင်းကသူတို့ဆီမှာရှိပြီးသားပါ၊ အခုလိုက်ကောက်တယ်ဆိုတာလည်းလက်ရှိသက်ရှိထင်ရှားနေတဲ့လူတွေစာရင်းပေါ့။ ဒါတွေကိုစာရင်းကောက်တာကလည်း ရွေးကောက်ပွဲအတွက်ရည်ရွယ်ပြီးလုပ်တာပါ''ဟုပြောကြားပါသည်။ ၂၀၀၈ ခုနှစ်ဆန္ဒခံယူပွဲကျင်းစဉ်က လည်းဝန်ထမ်းအင်အားကို၊ ထောက်ခံမဲအဖြစ်ဖန်တီးခဲ့ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။ အလားတူပင်ရန်ကုန်တိုင်း ရှိအချို့မြို့နယ်များတွင်လည်း အသက် ၁၈ နှစ်နှင့်အထက်လူဦးရေစာရင်း၊ မိသားစုဝင်ဦးရေ၊ နိုင်ငံခြားသို့သွားရောက်နေသူများနှင့် ပြည်တွင်းရပ်ဝေးတွင်သွားရောက်နေထိုင်သူများစာရင်းကိုကောက်ခံလျက်ရှိပါသည်။ ၂၀၁၀ ရွေးကောက်ပွဲမည်ဖြစ်ကြောင်းကို စစ်အစိုးရကကြေညာထားပြီးဖြစ်သော်လည်း၊မည်သည့်အချိန်တွင်ကျင်းပသွားမည်ကို အတိအကျထုတ်ဖော်ပြောဆိုခြင်းမရှိသေးလို၊ ရွေးကောက်ပွဲဥပဒေများကိုလည်းကြေညာခြင်းလည်းရှိသေးကြောင်းတွေ့ရှိရပါသည်။

## ကချင်ပြည်နယ်အတွင်းပြည်ခိုင်ဖြိုးအသင်းကွင်းဆင်းစည်းရုံးခြင်း

၂၀၁၀ တွင်ပြုလုပ်မည့် ရွေးကောက်ပွဲတွင်ဒေသခံပြည်သူလူထု၏ထောက်ခံမှုကိုရယူရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း - Union Solidarity and Development Association (USDA) မှ အဖွဲ့ဝင်များသည် ဇန်နဝါရီလ ၅ ရက်မှ ၆ ရက်နေ့အထိ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်သို့သွားရောက်စည်းရုံးခဲ့ကြောင်းသိရှိသည်။ ပြည်ခိုင်ဖွံ့ဖြိုးအဖွဲ့ဝင်များသည် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရှိ ၄င်းတို့အသင်း၏ရုံးခန်းတွင် အခမဲ့မျက်စိကုသရေးဆေးခန်းကိုယာယီဖွင့်လှစ်ခါ၊ ဒေသခံများကိုမျက်စိစမ်းသပ်ခြင်း၊ ခွဲစိပ်ကုသခြင်းနှင့်မျက်မှန်ပြုလုပ်ပေးခြင်းတို့ကိုအခမဲ့ဆောင်ရွက်ပေးခဲ့သည်။ နှစ်ရက်ကြာပြုလုပ်သည့်အခမဲ့မျက်စိဆေးခန်းဆောင်ရွက်နေမှုအခြေအနေများကိုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းထွန်းလာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရှိရသည်။ ဒေသခံတစ်ဦး၏ပြောကြားချက်အရ၊ အခမဲ့ဆေးဝါးကုရေးအစီအစဉ်ကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးရုံးများမှလည်းကောင်း၊ လက်ကမ်းစာနှင့်နံရံကပ်များပိုစတာများဖြင့်လည်းကောင်း၊ ဒေသခံများ

သိရှိရန်သတင်းဖြန့်ချိရေးလုပ်ငန်းများပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမဲ့မျက်စိဆေးခန်းများကို ကချင်ပြည်နယ်ရှိ လူဦးရေအများဆုံးရှိသည့် မြစ်ကြီးနားနှင့်ဗန်းမော်ခရိုင်တို့တွင် အဓိကပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။

## ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်အမှုဆောင်အဖွဲ့ကခေါင်းဆောင်နှစ်ဦးနှင့်တွေ့ဆုံခွင့်ပြုရန်စာရေးသားပေးပို့ခြင်း

စစ်အစိုးရကကျင်းပပြုလုပ်မည့် ၁၉၉၀ ရွေးကောက်ပွဲတွင်မဲအရေအတွက် ဒုတိယအများဆုံးရရှိခဲ့သော ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမှုဆောင်အဖွဲ့ဝင်များက ထိန်းသိမ်းထားသည့်၄င်းတို့၏ပါတီဥက္ကဌနှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့နှစ်ဦးနှင့်တွေ့ဆုံခွင့်ပြုရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံစာရေးသားပေးပို့ခဲ့ကြောင်းသိရှိရသည်။ အက်စ်အန်အယ်လ်ဒီပါတီ၏ပေးစာတွင် ၂၀၁၀ ခုနှစ်သည် မြန်မာနိုင်ငံတွင်ဒီမိုကရေစီဖော်ဆောင်ရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်အကောင်အထည်ဖော်နေသည့် အချိန်အခါမျိုးတွင်စုပေါင်းဖော်ဆောင်ရန်လိုအပ်မည်ဟုရှုမြင်ခြင်းတို့ကြောင့်၊ အက်စ်အန်အယ်လ်ဒီပါတီအနေဖြင့် ပါတီဥက္ကဌဦးခွန်ထွန်းဦးနှင့် အထွေထွေအတွင်းရေးမှူးစိုင်းညွန့်လွင်တို့အား အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးခွင့်ပြုရန်မေတ္တာရပ်ခံထားကြောင်းသိရှိရသည်။ စစ်အစိုးရက ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီလတွင်ရှမ်းတိုင်းရင်းသားခေါင်းဆောင် (၉) ဦး အားအမျိုးသားညီလာခံဖျက်စီးရာဖျက်စီးကြောင်းကြံစည်မှု၊ နိုင်ငံတော်ပုန်ကန်မှု၊ ပြည်ထောင်စုဖြိုခွဲမှု၊ မတရားအသင်းဖွဲ့စည်းမှုစသဖြင့် ပြစ်မှု ၁၂ ခုစွဲချက်တင်ပြီး ဦးခွန်ထွန်းဦးအားထောင်ဒဏ် ၉၃ နှစ်၊ အထွေထွေအတွင်းရေးမှူးစိုင်းညွန့်လွင်အားထောင်ဒဏ် ၈၅ နှစ် အသီးသီးချမှတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၂၀၀၈ ခုနှစ်၊ မေလတွင် ပြည်သူလူထု၏ထောက်ခံမှု ၉၂ ရာခိုင်နှုန်းရရှိခဲ့ကြောင်းစစ်အစိုးရကကြေညာခဲ့ပြီး၊ အတည်ပြုခဲ့ကြောင်းသိရှိရသည်။

## ရခိုင်ပြည်နယ်၊ အန်အယ်လ်ဒီပါတီအမတ်၏ဆွေမျိုးများကိုဒေသခံအာဏာပိုင်များကဓါတ်ပုံရိုက်ယူသွားခြင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် အန်အယ်လ်ဒီအမတ် ဦးမောင်ကြွင်းအောင်၏ဇာတိကျေးရွာသို့ ဒေသခံရဲအာဏာပိုင်အဖွဲ့တစ်ဖွဲ့ရောက်ရှိလာပြီး ဦးမောင်ကြွင်းအောင်၏ဆွေမျိုးများအားလုံးကိုဓါတ်ပုံရိုက်ယူသွားကြောင်း ကျေးရွာသားတစ်ဦး၏ပြောကြားချက်အရသိရှိရပါသည်။ ရဲတပ်ဖွဲ့နှင့်နီးစပ်သူတစ်ဦးက ယခုကဲ့သို့ဓါတ်ပုံများရိုက်ယူခြင်းကိုကိုယ်တိုင်ဓါတ်ပုံလာရိုက်သော ရဲတပ်ဖွဲ့များလည်းတိတိကျကျမသိရကြောင်းနှင့်အထက်ကညွှန်ကြားချက်အရလာရောက်ရိုက်ယူခြင်းဖြစ်ကြောင်းသိရပါသည်။ အန်အယ်လ်ဒီအမတ် ဦးမောင်ကြွင်းအောင်မှာရသေ့တောင်မြို့နယ်၊ မစဲကျွန်းရှိမင်းကန်းချောင်းရွာဇာတိဖြစ်သည်။ ၄င်းသည် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲပြီးနောက်ပိုင်း အာဏာပိုင်များက အန်အယ်လ်ဒီပါတီမှနှုတ်ထွက်ရန် အကြိမ်ကြိမ်ဖိအားပေးခံခဲ့ရကြောင်း၊ ယုတ်စွအဆုံးကိုယ်ပိုင်လုပ်ငန်းဖြစ်သည့်ဆီရောင်းဝယ်ရေးလုပ်ငန်းကိုအပိတ်ခြင်းခံခဲ့ရသည်။ မိမိ၏ဇာတိမြို့မှအာဏာပိုင်များ၏ဖိအားပေးမှုကိုရှောင်ကွင်းလိုသဖြင့် စစ်တွေမြို့သို့မိသားစုနှင့်အတူပြောင်းရွှေ့နေထိုင်ခဲ့ကြောင်းသိရသည်။ စစ်တွေ–

ရသေ့တောင်ကားလမ်းတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများဆိုင်းငံ့ထားခြင်းမှာလည်း ရသေ့တောင်တွင် ဦးမောင်ကြွင်းအောင်ရှိနေခြင်းနှင့် ပါတီမှနှုတ်ထွက်ရန်ငြင်းဆိုခဲ့ခြင်းစသည့်ကိစ္စများနှင့် ဆက်စပ်လျက်ရှိကြောင်းမဟုတ်မမှန်သတင်းများကို အာဏာပိုင်များကဖြန့်ချိခဲ့သည်။ အန်အယ်လ်ဒီအမတ်ဦးမောင်ကြွင်းအောင်၏ဇာတိကျေးရွာသို့ ရဲတပ်ဖွဲ့ဝင်များလာရောက်ပြီး၊ ၎င်း၏မိသားစုဝင်များကိုဓါတ်ပုံရိုက်ယူသွားခြင်းအပေါ်ဒေသခံများကအမျိုးမျိုးပေးဝေဖန်လျက်ရှိနေကြပြီး၊ အချို့ကမောင်ကြွင်းအောင်အားပုဂ္ဂိုလ်ရေးအရ၊ ထိခိုက်ဖျက်စီးလို၍ဖြစ်ကြောင်းပြောဆိုလျက်ရှိ ပါသည်။

## သုံးသပ်ချက်

၂၀၁၀ ရွေးကောက်ပွဲနှစ်ဦးအချိန်ကာလတွင် ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများတစတစတိုးတက်လာသည်ကိုတွေ့မြင်နိုင်ပါသည်။ စစ်အစိုးရသည် ရခိုင်ပြည်နယ်နှင့်ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များတွင် အငြိမ်းစားပညာရေးဝန်ထမ်းများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများစာရင်းကောက်ခံနေခြင်းမှာရွေးကောက်ပွဲအတွက် ပြင်ဆင်သည့်ခြေလှမ်းတစ်ရပ်အဖြစ်ယူဆနိုင်ပါသည်။ ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ အခြားသော ပြည်နယ်နှင့်တိုင်းများတွင်လည်း အလားတူအငြိမ်းစားအစိုးရဝန်ထမ်းများစာရင်းအပါအဝင်အခြားသော စာရင်းမှတ်တမ်းကောက်ယူသည့်လုပ်ငန်းများ ယခုထက်ပိုမိုကျယ်ပြန့်လာဖွယ်ရာသာရှိပါသည်။ ပြည်ခိုင်ဖြိုးအသင်း၏ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်တွင်ယာယီအခမဲ့မျက်စိကုသရေးဆေးခန်းဖွင့်လှစ်ခြင်းလုပ်ငန်းသည် ပြည်သူလူထုအကျိုးစီးပွားကို တစ်ဘက်တစ်လမ်းမှဖြည့်ဆည်းပေးခြင်းကိုဦးစွာအသိမှတ်ပြုရမည်ဖြစ်ပါသည်။ အများပြည်သူအကျိုးကိုရှေးရှုပြီး၊ စေတနာအရင်းခံသော မည်သည့်ပရဟိတလုပ်ငန်းမျိုးကိုမဆိုလက်ကမ်းကြိုဆိုသင့်ပါကြောင်း။ အကျိုးကိုမျှော်ပြီးအားပေးထောက်ခံမှုရရှိရေးအတွက် ဆောင်ရွက်ခြင်းသာဖြစ်ခဲ့မည်ဆိုပါက အများပြည်သူကိုလှည့်စားသည့် အဓိပ္ပါယ်သို့ရောက်ရှိသွားမည်ဖြစ်ပါသည်။ ပြည်–ခိုင်–ဖြိုးအသင်း၏ မိုးမောက်မြို့နယ်တွင်အကောင်အထည်ဖော်ခဲ့သည့် အခမဲ့မျက်စိကုသရေးဆေးခန်းများနည်းတူ အခြားသောအများအကျိုးပြုလုပ်ငန်းများကို ပြည်–ခိုင်–ဖြိုး အသင်းကရှေ့လာမည့်လာများတွင် မည်သို့မည်ပုံထပ်မံအကောင်အထည်ဖော်လာမည်ကို ဆက်လက်စောင့်ဆိုင်းအကဲခတ်လေ့လာရမည်ဖြစ်သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အမှုဆောင်အဖွဲ့ဝင်များက ထိန်းသိမ်းခံနေရသည့်ခေါင်းဆောင်နှစ်ဦးနှင့်တွေ့ဆုံခွင့်တောင်းခံခြင်းမှာ အပြုသဘောဆောင်ပြီး အာဏာပိုင်များဘက်မှခွင့်ပြုသင့်သောကိစ္စရပ်တစ်ခုဖြစ်ပါသည်။ အန်အယ်လ်ဒီပါတီခေါင်းဆောင်ပိုင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အားတွေ့ဆုံခွင့်ပေးခဲ့ခြင်းကြောင့်၊ ယခုအက်စ်အန်အယ်လ်ဒီ ပါတီ၏မေတ္တာရပ်ခံချက်ကိုလည်းခွင့်ပြုသင့်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအမှန်စင်စစ်ထွန်းကားလာသည်ကိုတွေ့မြင်လိုပါက ပြောသည့်အတိုင်းလုပ်ရန်သာဖြစ်ပြီး၊ စစ်အစိုးရအကြီးအကဲက ၎င်း၏လွှတ်လပ်ရေးနေ့မိန့်ခွန်းပါပြောကြားချက်များအတိုင်း အမှန်တကယ်ကောင်အထည်ဖော်ခြင်းရှိ–မရှိကိုစောင့်ကြည့်သွားရမည်သာဖြစ်ပါသည်။ တစ်ချိန်တည်း၌အာဏာပိုင်များက အတိုက်ခံပါတီများမှအဖွဲ့ဝင်များကို ကန့်သတ်ချုပ်ချယ်ဖိအားပေးမှုများဆက်တိုက်ပြုလုပ်လျက်ရှိကြောင်းတွေ့မြင်နေရသည်။ ယင်းသို့အခြေအနေမျိုးတွင်စစ်အစိုးရ၏သဘောထားအစစ်မှန်ကိုသိရှိရန်ခက်ခဲကြောင်း၊ သေချာသည်မှာ၎င်းတို့ပြဌာန်းထားသည့် အချက် (၇) ချက်ပါနိုင်ငံရေးလမ်းပြမြေပုံကို မဖြစ်မနေကောင်အထည်ဖော်သွားမည်သာဖြစ်ကြောင်းသုံးသပ်မိပါသည်။